# ဩစတြေးလျ တွင် အိမ်တွင်းနှင့် မိသားစု အကြမ်းဖက်မှုများကို လက်သင့်မခံပါ



## သင့်မှာ ယောက်ျားလေးချစ်သူ၊ ခင်ပွန်း သို့မဟုတ် မိသားစုဝင်ရှိပါသလား။.

- ☐ သင် သို့မဟုတ် သင့်ကလေးများကို ကြောက်ရွံ့စေပါသလား။
- ☐ သင် သို့မဟုတ် သင့်ကလေးများကို ရိုက်ခြင်း သို့မဟုတ် နာကျင်အောင်လုပ်ပါသလား။
- ☐ သင့်အလိုဆန္ဒမပါဘဲ သင့်ကို လိင်ဆက်ဆံချင်နေပါသလား။
- ☐ အော်ဟစ်ခြင်း၊ ပစ္စည်းများဖြင့်ပစ်ပေါက်ခြင်းနှင့် ပစ္စည်းများကို ရိုက်ခွဲခြင်းများ ပြုလုပ်ပါသလား။
- ☐ သင့်ကို ဆဲရေးတိုင်းထွာခြင်း သို့မဟုတ် အရေးမပါသူဟုခံစား ရအောင် လုပ်ပါသလား။
- ☐ မိမိ သုံးစရိတ် မရှိအောင် တားထားပါ သလား။
- ☐ အပြင်သွားခြင်း သို့မဟုတ် လူများနှင့်တွေ့ဆုံခြင်းကို တားမြစ်ပါသလား။

**အထက်ဖော်ပြပါအချက်များအနက် တစ်ခုခုအတွက် သင့်အဖြေသည် `ဟုတ်ကဲ့` ဟုဆိုလျှင် သင်သည် အိမ်တွင်းနှင့်မိသားစု အကြမ်းဖက်မှုများ ကြုံနေရပြီဖြစ်သည်။**

**သင့်မှာ အခွင့်အရေးများရှိသည်။** အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှုများသည် ဥပဒေနှင့်ဆန့်ကျင်သည်။ ရွှေ့ပြောင်းနေထိုင်သူအသစ်များနှင့် ယာယီဗီဇာကိုင်ဆောင်ထားသူ အပါအဝင် လူတိုင်းကို ဥပဒေက အကာအကွယ် ပေးထားသည်။

**ပံ့ပိုးကူညီမှုများရနိုင်သည်။** ဆရာဝန် သို့မဟုတ် ကျန်းမာရေးဝန်ထမ်းနှင့် ဆွေးနွေးပါ။ သင် ထိုလူနှင့် ဆက်နေလိုသည်ဖြစ်စေ၊ ဆက်ဆံရေးကို ဖြတ်တောက်လို သည်ဖြစ်စေ သင့်ကို ကူညီပံ့ပိုးပေးသွားမည်။

**သင့်ဘာသာစကားဖြင့် ပြောပေးနိုင်မည့် အခမဲ့ ကျွမ်းကျင်စကားပြန်ကို ကျွန်ုပ်တို့ထံ တောင်းဆိုပါ။**

ဒေသတွင်းအဆက်အသွယ် (Local contact)

**ဝန်ဆောင်မှု (Service):**

**ဖုန်း (Phone):**

SHPN (MHCS) 230852-4

တခြားအကူအညီအတွက် ၂၄ နာရီပတ်လုံး ဖုန်းခေါ် ဆိုနိုင်သည်။

| | |
|---|---|
| 1800RESPECT | 1800 737 732 |
| NSW Domestic Violence Helpline (NSW အိမ်တွင်းအကြမ်းဖက်မှုအတွက်တိုင်ကြားရန်ဖုန်း) | 1800 65 64 63 |
| Lifeline Australia (အကျပ်အတည်းဖြစ်နေသူများအား ပံ့ပိုးပေးသည့်အဖွဲ့) | 13 11 14 |

ဘာသာစကားအကူအညီရယူရန် ဘာသာပြန်နှင့်စကားပြန်ဝန်ဆောင်မှု (TIS) အတွက် 131 450 သို့ ဖုန်းခေါ်ဆိုပြီး အကူအညီတောင်းပါ။

**အရေးပေါ် အခြေအနေ သို့မဟုတ် အသက်အန္တရာယ်စိုးရိမ်ရပါက သုညသုံးလုံး (000) သို့ ခေါ်ဆိုပါ။**

NSW GOVERNMENT